

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

HR-HQ VA No. 144 – Driver

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## ယာဉ်မောင်း

| | | |
|---|---|---|
| **အရေအတွက်** | : | **(၁) ဦး** |
| **အစီရင်ခံတင်ပြမှု** | : | **စီမံကိန်းအထောက်အကူပြုအရာရှိ** |
| **ဌာန** | : | **ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန** |
| **စီမံချက်/စီမံကိန်း** | : | **Humanitarian Assistance to Conflict Affected People in Kachin** |
| **တာဝန်ကျရာနေရာ** | : | **မြစ်ကြီးနား** |
| **အဆင့်** | : | **B-2** |
| **အကျိုးခံစားခွင့်များ** | : | **လစာ + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစကလေးအား ပြုစုခွင့် + သွေးလှူ ရှင်ခွင့် + အိမ်ပြန်နားရက်ခွင့်+ ခရီးသွားစားရိတ် + ကျန်းမာရေးအာမခံနှင့် စုပေါင်းအသက်အာမခံ + စွမ်းဆောင်ရည်မြင့် သင်တန်းများ** |
| **လျှောက်လွှာပိတ်ရက်** | : | **၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်၊ (၁၆:၃၀)နာရီ** |

**<u>စီမံချက် (သို့) ဌာနအကြောင်း မိတ်ဆက်အကျဉ်း</u>**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဌာနကြီးတစ်ခုဖြစ်သော ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာနသည် နိုင်ငံ တစ်ဝန်းလုံးတွင် ကြက်ခြေနီအသင်းခွဲများနှင့် ရပ်ရွာလူထု၏ ပဋိပက္ခနှင့်ဘေးအန္တရာယ်တုံ့ပြန်မှု ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ပဋိပက္ခနှင့် ဘေးအန္တရာယ်တုံ့ပြန်ခြင်းလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရပ်ရွာဘေးဒဏ်ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာလုပ်ငန်းစဉ်များ၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း လုပ်ငန်းများ၊ အမိုးအကာ၊ ငွေကြေးနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ထောက်ပံ့မှုများ၊ အန္တရာယ်ဖြစ်နိုင်ခြေသိရှိသတိပြုခြင်းနှင့် ဘေးကင်းစွာပြုမူနေထိုင်ခြင်း စီမံကိန်းလုပ်ငန်းများ၊ အထူးစီမံချက်များကို ဆောင်ရွက်လျက်ရှိပါသည်။

## ရည်ရွယ်ချက်

**ယာဉ်မောင်း**သည် မြစ်ကြီးနားမြို့၊ ကချင်အထူးစီမံချက်ရုံးတွင် အခြေစိုက်ပြီးရုံး၏ ရုံးလုပ်ငန်းများ ဆောင်ရွက် ရာတွင်လည်းကောင်း မော်တော်လုပ်ငန်းများ အကောင်အထည်ဖော်နေသော မြို့နယ်များသို့ ခရီးသွားရာတွင် လည်းကောင်း၊ အရေးပေါ်အခြေအနေများတွင် လိုအပ်သလိုကူညီ၍ မော်တော်ယာဉ် မောင်းနှင်ပေးရန်တို့ ဖြစ်ပါသည်။ ယာဉ်မောင်းသည် အသင်းဝန်ထမ်းများ၊ ဧည့်သည်များနှင့် ကုန်ပစ္စည်းများ တင်ဆောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ ထိခိုက်ပျက်စီးမှု မဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းများ ပါဝင်ပါသည်။ လုပ်ငန်းလိုအပ်ချက်အရ ခရီးဝေးများ သွားရခြင်းကြောင့် အချိန်ပိုအလုပ်လုပ်ပေးနိုင်ရန် လိုအပ်ပါသည်။

## တာဝန်နှင့်ဝတ္တရားများ

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးထားသော အသင်းပိုင်မော်တော်ယာဉ်ကို သတ်မှတ်ထားသော မော်တော်ယာဉ် လက်စွဲစည်းမျဉ်းစည်းကမ်းများ စာအုပ်ပါ စည်းကမ်းချက်များနှင့်အညီ မောင်းနှင်ရမည်။

၂။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပေးအပ်ထားသော အသင်းပိုင်မော်တော်ယာဉ်ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ အုပ်ချုပ်ရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ပြုပြင်ထိန်းသိမ်း ခြင်း၊ သန့်ရှင်းခြင်း၊ လိုအပ်သောပြုပြင်မှုများအားတင်ပြခြင်းနှင့် စက်သုံးဆီလိုအပ်ချက်အားဖြည့်၍ အမြဲတမ်း အဆင်သင့်ရှိနေစေရမည်။

၃။ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အကြောင်းများနှင့် ယာဉ်ပြုပြင်ထိန်းသိမ်းရေး ကိရိယာပစ္စည်းများ (Tool box kit) များနှင့်ပတ်သက်၍ ကောင်းစွာနားလည်ပြီး အသေးစားပြင်ဆင်မှုများအတွက် စစ်ဆေးနိုင်ပြီး ပြင်ဆင်နိုင်ရမည်။

၄။ မော်တော်ယာဉ်တွင် စီးနင်းလိုက်ပါလာသူများ/ စီမံချက်ဝန်ထမ်းများနှင့် ကုန်ပစ္စည်းများအား တင်/ချပြုလုပ်ခြင်း၊ ပို့ဆောင်ခြင်းများကို ထိခိုက်မှုမရှိစေဘဲ သတ်မှတ်ထားသော မော်တော်ယာဉ် လက်စွဲစာအုပ်တွင်ပါရှိသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီမောင်းနှင်ရမည်။

၅။ သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေနှင့် ညွှန်ကြားချက်များကို နားလည်သိရှိပြီး မည်သည့်အခြေအနေမျိုးတွင်မဆို နယ်မြေလမ်းကြောင်းအခြေအနေပေါ် မူတည်၍ ဘေးကင်းစွာ မောင်းနှင်နိုင်ရမည်။

၆။ မိမိသွားရမည့် ခရီးစဉ်နှင့်ပစ္စည်းများ ပို့ဆောင်ရမည့်နေရာများကို တိကျစွာသိရှိအောင် ကြိုတင်ပြင်ဆင်ထားရမည်။

၇။ မော်တော်ယာဉ်ပြင်ဆင်မှု မှတ်တမ်းများ၊ ယာဉ်အသုံးပြုမှုမှတ်တမ်းများ၊ စက်သုံးဆီအသုံးပြုမှု မှတ်တမ်းများကို သေချာစွာ ပုံမှန်ဖြည့်စွက်၍ စနစ်တကျ မှတ်တမ်းထားရှိရမည်။

၈။ လစဉ်မော်တော်ယာဉ်အသုံးပြုမှုမှတ်တမ်းကို Field Operation Support Officer ထံသို့ တင်ပြရမည်။

၉။ မော်တော်ယာဉ်ကို စနစ်တကျနှင့် လုံခြုံမှုရှိစွာ သုံးစွဲကြောင်း တာဝန်ယူရန်နှင့် ထုတ်ပေးထားသည့် ယာဉ်ပြုပြင်ကိရိယာပစ္စည်းများ (Tool Kit Box)၊ ရှေးဦးပြုစုခြင်းပစ္စည်းများ (First Aid Kit) တို့ကို စနစ်တကျ အသုံးပြုရမည်။

၁၀။ သတ်မှတ်သည့် တာဝန်ချိန်အတိုင်း တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ငန်းလိုအပ်ချက်အရ အချိန်ပို တာဝန်ထမ်းဆောင်ရန်လိုအပ်ပါက ကြည်ဖြူစွာ လက်ခံဆောင်ရွက်ပေးရမည်။

၁၁။ ယာဉ်နှင့်ပတ်သက်သည့် အသုံးစရိတ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အသုံးပြုပြီး ပြန်လည်ရှင်းလင်းတင်ပြရမည်။

၁၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းအား အစဉ်အမြဲစောင့်ကြည့်၍ သက်တမ်းတိုးခြင်း ပြုလုပ်ထားရမည်။

၁၃။ အရေးပေါ်အခြေအနေများတွင် တာဝန်ပေးအပ်ပါက တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

၁၄။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မော်တော်ယာဉ်အုပ်ချုပ်ရေးစနစ် စည်းကမ်းများ၊ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ၊ သတင်းအချက်အလက်များကို လုံခြုံစွာထိန်းသိမ်း စောင့်ရှောက်ရမည်။

## လိုအပ်သောအရည်အချင်းများ

- **တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ (သို့) အထက်တန်း ပညာသင်ကြားခဲ့သူဖြစ်ရမည်။**

- ယာဉ်မောင်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
- သက်တမ်း(ဖလ)နှင့်အထက် အနိမ့်ဆုံး(ခ) ယာဉ်မောင်းလိုင်စင် လက်ဝယ်ရှိရမည်။
- ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအားသိရှိပြီး တိကျစွာ လိုက်နာဆောင်ရွက်ရမည်။
- စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး ကြံ့ခိုင်ကောင်းမွန်သူဖြစ်ရမည်။
- ကချင်ပြည်နယ်အတွင်းရှိ လမ်းကြောင်းများနှင့် အကျွမ်းဝင်မှု ရှိရမည်။
- မော်တော်ယာဉ် အသေးစားပြင်ဆင်မှု ပြုလုပ်နိုင်သူ ဖြစ်ရမည်။
- ရိုးသားမှု၊ အဖွဲ့အစည်းမှ ယုံကြည်စိတ်ချနိုင်မှုရှိခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ အားထားနိုင်သူ ဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ အသင်း၏လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ရန် စိတ်အား ထက်သန်သူ ဖြစ်ရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်ပြီး စိတ်ရှည်သည်းခံသူဖြစ်ရမည်။ အသင်းအဖွဲ့ဖြင့် ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
- အရေးပေါ်အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်အရ တာဝန်ပေးအပ်ပါက အချိန်မရွေး နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
- လုပ်ငန်းလိုအပ်ချက်အရ တာဝန်ပေးအပ်ပါက နေရာဒေသမရွေး သွားရောက်နိုင်သူဖြစ်ရမည်။
- အရက်သေစာနှင့် မူးယစ်စေတတ်သောအရာများ မသုံးစွဲသူ ဖြစ်ရမည်။
- ပြစ်မှုမှတ်တမ်းကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်ရသူဖြစ်ရမည်။
- မြန်မာဘာသာစကားကို ကျွမ်းကျင်စွာ ရေးသားပြောဆိုနိုင်ရမည်။
- အင်္ဂလိပ်ဘာသာစကားနှင့် ဒေသခံတိုင်းရင်းသား ဘာသာစကား ပြောဆိုဆက်သွယ်နိုင်ပါက ဦးစားပေးမည်။
- ကြက်ခြေနီအခြေခံမူ (၇) ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီနှင့် လခြမ်းနီအခြေခံမူများကို နားလည်လက်ခံပြီး တက်ကြွစွာမြှင့်တင်လိုစိတ်ရှိသူ ဖြစ်ရမည်။
- အထက်ပါအရည်အချင်းနှင့်ပြည့်စုံသော ကြက်ခြေနီစေတနာလုပ်အားရှင်များ လျှောက်ထားပါက ဦးစားပေးမည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*

- လျှောက်ထားသူများအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းစည်းမျဉ်း၊ အသင်း၏ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်း (Code of Conduct)၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲ သုံးစားပြုကျင့်ခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးမူဝါဒ (PSEA Policy)၊ ကလေးသူငယ် ကာကွယ်ပေး ရေးဆိုင်ရာမူဝါဒ အပါအဝင် ၎င်း၏ စံချိန်စံညွှန်းများ (Child Safeguarding Standards)၊ လိမ်လည်မှု နှင့် အကျင့်ပျက်လာဘ်စားခြင်းအား တားဆီးကာကွယ်ခြင်းဆိုင်ရာ မူဝါဒ (Anti-Fraud and Anti-Corruption Measures)၊ အခွင့်အလမ်း တန်းတူညီမျှမှုဆိုင်ရာ စည်းမျဉ်းများ (Equal Opportunity Principles)နှင့် အခြားသော လုံးဝ ခွင့်မလွှတ်ပေးနိုင်သည့် (Zero-Tolerance) မူဝါဒများနှင့် လုပ်ထုံး လုပ်နည်းများအား အပြည့်အဝ လေးစားလိုက်နာရန် လိုအပ်ပါသည်။

**“ကျွန်ုပ်တို့အဖွဲ့အစည်းသည် မတူကွဲပြားမှု (Diversity) နှင့် ကျား/မ တန်းတူညီမျှမှု (Gender Equality) တို့ကို တိုးတက်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မတူကွဲပြားသော နောက်ခံအခြေအနေ အတွေ့အကြုံရှိသူများကို လျှောက်ထားရန် အားပေးတိုက်တွန်းပါသည်။”**

*****စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင် ထည့်သွင်းစဉ်းစားမည် ဖြစ်ပါသည်-**

| | |
|---|---|
| **မြန်မာနိုင်ငံကြက်ခြေနီအသင်း** | **မြန်မာနိုင်ငံကြက်ခြေနီအသင်း** |
| **ရုံးချုပ်** | **ရုံးခွဲ** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊** | **အမှတ်(၄၂)၊ ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊** |
| **နေပြည်တော်။** | **ရန်ကုန်။** |

(သို့မဟုတ်) [mrcshrrecruitment@redcross.org.mm](mailto:mrcshrrecruitment@redcross.org.mm) သို့ လိပ်မူကာ ပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား [www. redcross.org.mm](http://www.redcross.org.mm) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**